**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**စိုက်ပျိုးရေးဦးစီးဌာန**
**သီးနှံကာကွယ်ရေးဌာနခွဲ**

စာအမှတ်၊ PPD / PQ / ၂၀၂၃ ( ၆၃၈ )
ရက်စွဲ ၊၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်

အကြောင်းအရာ။ **မြန်မာနိုင်ငံသို့ အပင်နှင့်အပင်ထွက်ပစ္စည်း တင်သွင်းသူများ သိရှိလိုက်နာရမည့် အချက်အား ထပ်မံအသိပေး အကြောင်းကြားခြင်း**

ရည်ညွှန်းချက် ။ NPPO – Myanmar မှ 28th Aug 2017 နေ့တွင် IPPC website တွင် လွှင့်တင်ထားသည့် Legislation: Phytosanitary Requirements/ Restrictions/ Prohibitions from Myanmar

၁။ NPPO – Myanmar မြန်မာနိုင်ငံ အမျိုးသား သီးနှံကာကွယ်ရေးအဖွဲ့သည် ကုန်သွယ်ဖက်နိုင်ငံများမှ အပင်နှင့်အပင်ထွက်ပစ္စည်းများ တင်သွင်းနိုင်ရန်အတွက် တင်သွင်းခွင့်ထောက်ခံချက် (Import Certificate – IC) အား ထုတ်ပေးလျှက်ရှိပါသည်။ ယင်းတင်သွင်းခွင့် ထောက်ခံချက်နံပါတ် (IC No.) အား တင်ပို့သည့်မူရင်းနိုင်ငံမှ အပင်ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် (Phytosanitary Certificate – PC from Country of Origin) ၏ ဖြည့်စွက်ကြေငြာချက် (Additional Declaration) တွင် ထည့်သွင်းဖော်ပြပေးရန် ရည်ညွှန်းပါစာဖြင့် IPPC ၏ website တွင် လွှင့်တင်ထားပြီး ဖြစ်ပါသည်။

၂။ အပင်နှင့် အပင်ထွက်ပစ္စည်းများအား ပြည်ပမှတင်သွင်းလိုသည့် လုပ်ငန်းရှင် (Importer) များ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ Standard Operating Procedure – SOP ကိုလည်း ရုံး၏ကြော်ငြာသင်ပုန်းတွင် အသိပေးကြော်ငြာထားခြင်းနှင့် website: https://ppd.doa.gov.mm တွင်လည်း လွှင့်တင်ထားခြင်းကို ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၃။ Importer များ အထက်ဖော်ပြပါ လုပ်ငန်းစဉ်ကို လိုက်နာဆောင်ရွက်စေလိုသည့် ရည်ရွယ်ချက်မှာ အပင်နှင့်အပင်ထွက်ပစ္စည်းများ တင်ပို့ရောင်းချသူ (Exporter) သည် ၎င်းနိုင်ငံ၏ NPPO တွင် PC လျှောက်ထားသည့်အခါ မိမိနိုင်ငံ၏ IC No. ကို PC တွင်ထည့်သွင်း ဖော်ပြပေးခြင်းအားဖြင့် (Importing Country Requirement) ကို သိရှိလိုက်နာ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ သို့ပါ၍ PC တွင် IC No. ထည့်သွင်း ဖော်ပြထားခြင်းအားဖြင့် ကုန်သွယ်ဖက် နှစ်နိုင်ငံအကြား တင်သွင်းနိုင်ငံ၏ တောင်းဆိုချက်ကို တင်ပို့နိုင်ငံမှ လိုက်နာဆောင်ရွက်ထားသည်ကို သိရှိနိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ (NPPO – MM) အနေဖြင့် အပင်နှင့် အပင်ထွက်ပစ္စည်း တင်သွင်းသူ(Importer)များ သည် မူရင်းနိုင်ငံမှ ပေးပို့သည့် PC တွင် မိမိနိုင်ငံ၏ IC No. ထည့်သွင်းဖော်ပြခြင်း ကိုသေချာစွာ လိုက်နာဆောင်ရွက် နိုင်စေရန်အတွက်

ပူးတွဲ(၁) IPPC တွင် 28.8.2017 ရက်၌ လွှင့်တင်ထားသည့် ကြော်ငြာစာ၊

ပူးတွဲ(၂) Standard Operating Procedure - SOP for Plants and Plant Products Importer များအား သိရှိလိုက်နာနိုင်ရန် ပူးတွဲပါစာများဖြင့် ထပ်မံအသိပေး အကြောင်းကြားပါသည်။

(ဇော်လင်း)

ညွှန်ကြားရေးမှူး

- မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမာန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း
- မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း
- မြန်မာနိုင်ငံ မက္ကဒေးမီးယား စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း
- မြန်မာနိုင်ငံ သရက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း
- မြန်မာနိုင်ငံ ဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်း
- မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း
- ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ် (ရုံးခန်း)၊ စိုက်ပျိုးရေးဦးစီးဌာန
ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ)၊ စိုက်ပျိုးရေးဦးစီးဌာန
မြန်မာနိုင်ငံ စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်
ရုံးလက်ခံ

# Myanmar

## IPPC Official Contact Point

**Mr. Zaw Lin**

*Director*

Plant Protection Division, Department of Agriculture, Ministry of Agriculture, Livestock and Irrigation

Bayintnaung Road, West Gyogone, Insein, P.O. 11011, Yangon, Myanmar

**Phone:** +95 1 3644214

**Mobile:** +95 9 5028730

**Fax:** +95 1 3644019

**Email:** directorppddoa@gmail.com

**Alternate Email:** directordoa.pp@gmail.com

**Preferred languages:** English

**Website:** http://www.ppdmyanmar.org/

**Date contact registration:** 04 May 2021


### Related Official Information

- Publication
- News Item
- Events
- Website
- Pest-Free Area
- Implementation of ISPM 15

### National Reporting Obligations

- Description of the NPPO
- Legislation: Phytosanitary Requirements/Restrictions/Prohibitions
- Entry Points
- List of Regulated Pests
- Pest Reports
- Organizational Arrangements of Plant Protection
- Rationale for Phytosanitary Requirements
- Non-compliance
- Pest status
- Emergency Actions

Graphical overview of National Reporting Obligations



« Go back

# Legislation: Phytosanitary Requirements/Restrictions/Prohibitions from Myanmar

| Title | Report files | Publication Date | Last Updated |
|---|---|---|---|
| Plant Pest Quarantine Law | Issuance of Phytosanitary and Import Certificate | 20 Sep 2015 | 20 Sep 2015 |
| New model of PhytosanitaryCertificate and Import Certificate | Model of Phytosanitary Certificate<br>Model of Import Certificate | 28 Aug 2017 | 28 Aug 2017 |
| Request for Import Certificate No. | Document for request for Import Certificate no. | 28 Aug 2017 | 28 Aug 2017 |

Greetings from NPPO-Myanmar!

NPPO-MM has been issuing Import Certificate for the plants and plant products that are intended to import into Myanmar from trading partners.

Phytosanitary Certificate from country of origin must be attached with import plants and plant products.

**Please take note that the No. of Import Certificate for Plants and Plant Products (4 digits, highlighted in green colour in the attached sample of Import Certificate) must be described in Additional Declaration of Phytosanitary Certificate of country of origin. It will come into effect on 1st October 2017.**

Transition period will be until all consignments using the existing certificates have been cleared import inspection.

I appreciate your assistance in informing your border officials of our request to add No. of Import Certificate in Phytosanitary Certificate of country of origin. Sample of Import Certificate with general attachment for quarantine significant pest and treatment are herewith attached for your information. Import Certificate will be valid for (3 months) from date issued.

I would invite you to contact via email on directorppddoa@gmail.com the IPPC Official Contact Point of Myanmar should you have any questions regarding this matter.

Kindest regards,

Director

IPPC Official Contact Point for NPPO-Myanmar

Plant Protection Division

NPPO–Myanmar (National Plant Protection Organization – Myanmar) မြန်မာနိုင်ငံ အမျိုးသား သီးနှံကာကွယ်ရေးအဖွဲ့မှ နှုတ်ခွန်းဆက်သပါသည်။

(NPPO–MM) မြန်မာနိုင်ငံအမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့သည် ကုန်သွယ်ဖက်နိုင်ငံများမှ မြန်မာနိုင်ငံသို့ တင်သွင်းရန် ရည်ရွယ်ထားသည့် အပင်များနှင့် အပင်ထွက်ပစ္စည်းများအတွက် တင်သွင်းခွင့်ထောက်ခံချက်လက်မှတ်အား ထုတ်ပေးလျက်ရှိပါသည်။

တင်သွင်းသည့် အပင်နှင့် အပင်ထွက်ပစ္စည်းများနှင့်အတူ မူရင်းနိုင်ငံမှ အပင်ပိုးမွှားကင်းရှင်း ကြောင်း သက်သေခံလက်မှတ်ကို ပူးတွဲပါရှိစေရမည်။

ကျေးဇူးပြု၍ သတိပြုရမည့်အချက်မှာ အပင်နှင့် အပင်ထွက်ပစ္စည်းများအတွက် တင်သွင်းခွင့် ထောက်ခံချက်နံပါတ် (ပူးတွဲပါ နမူနာ တင်သွင်းခွင့်ထောက်ခံချက်တွင် ဒီဂျစ်တယ် ၄ လုံးကို အစိမ်း ရောင်ဖြင့် ထင်ရှားစွာဖော်ပြထားသည်) ကို မူရင်းနိုင်ငံမှ အပင်ပိုးမွှား ကင်းရှင်းကြောင်း သက်သေခံ လက်မှတ်၏ ဖြည့်စွက်ကြေငြာချက်တွင် ဖော်ပြပေးရမည်။ ယင်းဖော်ပြချက်သည် ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် စတင် အသက်ဝင်မည်ဖြစ်ပါသည်။

အကူးအပြောင်းကာလသည် လက်ရှိ သက်သေခံလက်မှတ်များကို အသုံးပြု၍ ကုန်စည်စုများ တင်သွင်းမှု စစ်ဆေးခြင်းရှင်းလင်းပြီးသည်အထိ ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ တောင်းဆိုချက်ဖြစ်သော မူရင်းနိုင်ငံ၏ အပင်ပိုးမွှားကင်းရှင်းကြောင်း သက်သေခံ လက်မှတ်တွင် တင်သွင်းခွင့် ထောက်ခံချက်လက်မှတ်၏ နံပါတ် ထည့်သွင်းဖော်ပြပေးရန်ကို သင်၏ နယ်စပ်ဒေသအရာရှိများထံ အသိပေးသော ဆောင်ရွက်မှုအား ကျေးဇူးတင်အသိအမှတ်ပြုပါသည်။ အရေးကြီးထိန်းချုပ်ဖျက်ပိုးများ နှင့် ဆေးစီရင်မှုများအတွက် အထွေထွေနောက်ဆက်တွဲ နှင့် အတူ တင်သွင်းခွင့်ထောက်ခံချက်လက်မှတ် နမူနာကို သင်သိရှိရန် ပူးတွဲပေးပို့ပါသည်။ တင်သွင်းခွင့် ထောက်ခံချက်လက်မှတ်သည် ထုတ်ပေးသည့်နေ့မှ (၃) လအတွင်း သက်တမ်းရှိမည်ဖြစ်ပါသည်။

ဤအကြောင်းအရာနှင့် ပတ်သက်၍ သင်မေးမြန်းလိုသည်များရှိပါက မြန်မာနိုင်ငံ၏ IPPC တရားဝင်ဆက်သွယ်ရမည့် contact point e-mail: directorppddoa@gmail.com သို့ ဆက်သွယ် ရန် လေးစားစွာဖိတ်ကြားပါသည်။

လေးစားစွာဖြင့်

ညွှန်ကြားရေးမှူး
IPPC Official Contact Point for NPPO–Myanmar
သီးနှံကာကွယ်ရေးဌာနခွဲ

သီးနှံပိုးမွှားရောဂါပြန့်ပွားမှု ထိန်းချုပ် ရေးလုပ်ငန်းသည် မြန်မာနိုင်ငံတွင် မရှိသေးသည့် ဖျက်ပိုးများ ဝင်ရောက်မလာစေရန် ဥပဒေအရ ကာကွယ်တားဆီးသည့် လုပ်ငန်းဖြစ်သည်။

အပင်ပိုးမွှားကာကွယ်သည့် ဥပဒေကို ၁၉၉၃ ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။

## အပင်နှင့်အပင်ထွက်ပစ္စည်းများအား ပြည်ပမှ တင်သွင်းလိုသည့် လုပ်ငန်းရှင်များ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ

## (Standard Operating Procedure – SOP for Plants and Plant Products Importer)

၁။ တင်သွင်းခွင့်ပြုထားသော အပင်နှင့် အပင်ထွက်ပစ္စည်းများအတွက် တင်သွင်းခွင့် ထောက်ခံချက်လက်မှတ်ကို လျှောက်ထားနိုင်သည်။ (စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၏ ကြော်ငြာသင်ပုန်းနှင့် website: https://ppd.doa.gov.mm/ တို့တွင် ကြည့်ရှု နိုင်ပါသည်။)

၂။ တင်သွင်းခွင့်ထောက်ခံချက်လက်မှတ်အား အပင်နှင့် အပင်ထွက်ပစ္စည်းများ တင်သွင်းမည့် တစ်ဖက်နိုင်ငံ၏ ပိုးမွှားကင်းရှင်းကြောင်းသက်သေခံလက်မှတ်ထုတ်ပေး သည့်ဌာနသို့ ပေးပို့ရမည်။

## တင်သွင်းခွင့်ထောက်ခံချက်လက်မှတ်ရရှိရန် လျှောက်ထားရာတွင် ပါဝင်ရမည့်အချက်များ

၁။ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၏ သတ်မှတ်သည့် တင်သွင်းခွင့် ထောက်ခံချက်လက်မှတ် လျှောက်လွှာပုံစံတွင် ဖြည့်စွက်ဖော်ပြ၍ ငွေသွင်းချလံ (မူရင်း) နှင့်အတူ လျှောက်ထားရမည်။

၂။ တင်သွင်းသူကိုယ်တိုင် လျှောက်ထားခြင်း မဟုတ်ပါက ကုမ္ပဏီ Letter Head ဖြင့် ကိုယ်စားလှယ် လွှဲစာပါရှိရမည်။

၃။ ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ် (၂) ဦး ဆောင်ရွက်ရန် စာရင်းသွင်းမှတ်ပုံတင်ထားရှိရမည်။

၄။ စိုက်ပျိုးရန်အတွက်ဖြစ်ပါက

(က) ကြံ
(သကြားထွက်သီးနှံဌာနခွဲမှ ထောက်ခံချက်)
(ခ) နှစ်ရှည်ပင်
(နှစ်ရှည်သီးနှံဌာနခွဲမှ ထောက်ခံချက်)
(ဂ) မျိုးစေ့နှင့်အပင်
(မျိုးစေ့ဌာနခွဲမှ ထောက်ခံချက်)(ဃ) သစ်တောထွက်အပင် (သစ်တောဦးစီးဌာနမှထောက်ခံ ချက်) ပါရှိရမည်ဖြစ် ပါသည်။

ပူးတွဲ ( ၂ )

၅။ ယင်းအချက်များ ပြည့်စုံပါက လျှောက်လွှာစာရင်းသွင်း လက်ခံပေးမည် ဖြစ်ပါသည်။ (မပြည့်စုံပါက ဆက် လက်ဆောင်ရွက်၍ မရနိုင်ပါ။)

## တင်သွင်းခွင့်ထောက်ခံချက်လက်မှတ်ထုတ်ယူရန် ကြာချိန်

လျှောက်လွှာစာရင်းသွင်း လက်ခံပြီးချိန်မှ (၃) ရက် (ရုံးပိတ်ရက်မပါ။)

## တင်သွင်းခွင့်ထောက်ခံချက်လက်မှတ်တစ်စောင် အတွက် အခကြေးငွေ

၃၀၀၀၀ ကျပ်

သီးနှံပိုးမွှားရောဂါပြန့်ပွားမှုထိန်းချုပ်ရေးဌာနစု/ နယ်စပ် စစ်ဆေးရေးစခန်းများတွင်လည်း တင်သွင်း ခွင့် ထောက်ခံချက်လက်မှတ် လျှောက်ထားနိုင်ပါသည်။